ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း

## သုံးလပတ်အစီရင်ခံစာ

(ပထမသုံးလပတ်၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ-မတ်လ)

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ နည်းပညာပံ့ပိုးကူညီပါသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ နေပြည်တော်

# ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း

## သုံးလပတ်အစီရင်ခံစာ

(ပထမသုံးလပတ်၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ-မတ်လ)

# Annual Labour Force Survey-2017

## Quarterly Report

*(1st Quarter, January-March 2017)*

# ဥယျောဇဉ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနအနေဖြင့် လုပ်သားအင်အားဆိုင်ရာ အချက်အလက်များ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် ရာသီချိန် အလိုက် အလုပ်အကိုင်ပြောင်းလဲမှုအခြေအနေကို သိရှိနိုင်ရန်အတွက် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို နှစ်ကြိမ်ခွဲကောက်ယူနိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ စီမံချက်ရေးဆွဲတင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ ပါသည်။

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကောက်ယူရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ (ILO) က နည်းပညာပံ့ပိုးကူညီပေးခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကောက်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းဆိုင်ရာ ဦးစီးကော်မတီနှင့် နည်းပညာကော်မတီတို့ကို စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်း၍ စစ်တမ်းကောက်ယူမှု လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် လိုအပ်သော စီမံခန့်ခွဲမှုနှင့် နည်းပညာညွှန်ကြားချက်များဖြင့် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ခဲ့ကြပါသည်။

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) ကောက်ယူခြင်းကို ဇန်နဝါရီလမှ မတ်လအထိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာရင်းကောက်ကွက် ၇၈၀ မှ နမူနာအိမ်ထောင်စု ၁၄,၀၄၀ အိမ်ထောင်စုကို ကွင်းဆင်းကောက်ယူရန် ဆောင်ရွက်ခဲ့သော်လည်း တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ စာရင်းကောက်ကွက် ၈ ကွက်ကို နယ်မြေလုံခြုံမှုအခြေအနေအရ ကောက်ယူနိုင်ခဲ့ခြင်းမရှိခဲ့သည့်အတွက် စုစုပေါင်း စာရင်းကောက်ကွက် ၇၇၂ ကွက်မှ နမူနာအိမ်ထောင်စုပေါင်း ၁၃,၈၉၅ အိမ်ထောင်စုကို ကွင်းဆင်းကောက်ယူနိုင်ခဲ့ပါသည်။ ကွင်းဆင်း စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများကို စီစဉ်သူ၊ ကြီးကြပ်ရေးမှူးနှင့် စာရင်းကောက်များအဖြစ် အသီးသီးတာဝန်ပေးအပ်ခဲ့ပြီး လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ဝန်ထမ်းများကိုလည်း လုပ်သားအင်အားစစ်တမ်းအဖွဲ့အဖြစ် သီးခြားတာဝန်ပေးအပ် ဆောင်ရွက်ခဲ့ပါသည်။

လုပ်သားအင်အားစစ်တမ်းအဖွဲ့မှ တာဝန်ရှိသူများက အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် ကွင်းဆင်းကောက်ယူမှုလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ကွင်းဆင်းကောက်ယူ၍ ပေးပို့ လာသောမေးခွန်းလွှာများကို စိစစ်မှုများပြုလုပ်ခဲ့ကြပါသည်။ စိစစ်ပြီးမေးခွန်းလွှာများ ကွန်ပျူတာစာရင်း ရေးသွင်းခြင်းကို ILO ၏အကူအညီဖြင့် ထိုင်းနိုင်ငံ၊ National Statistical Office, Social Statistics Bureau မှ Mr. Chirawat Poonsab က တာဝန်ယူရေးသားပေးခဲ့သော CSPro အချက်အလက် ရေးသွင်းခြင်းပရိုဂရမ်ဖြင့် စာရင်းရေးသွင်းခြင်းကို ၂၀၁၇ ခုနှစ်၊ မတ်လနှင့် ဧပြီလတို့တွင် ဝန်ထမ်း ၂၂ ဦး ဖြင့် Double Entry ဆောင်ရွက်ခဲ့ပြီး ရေးသွင်းထားသည့်အချက်အလက်များ ကိုက်ညီမှု ရှိ၊ မရှိကို Data Entry Manager ၃ ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။ ရေးသွင်းပြီး အချက်အလက်များကို Mr. Chirawat Poonsab ကလာရောက်စိစစ်မှုများပြုလုပ်ခဲ့ပြီး အချက်အလက်များထုတ်ယူခြင်း၊ Weight တွက်ချက်ခြင်းနှင့် အစီရင်ခံစာရေးသားပြုစုခြင်းတို့အတွက် ILO Regional Office for Asia and the

Pacific မှ Regional Labour Statistician Mr. Tite Habiyakare ကလာရောက်၍ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုကဲ့သို့ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေး အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ILO မှ တာဝန်ရှိသူများ၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့ ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာနယ်မြေများရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အထူးသဖြင့် မေးခွန်းများကို ဖြေဆိုပေးခဲ့ကြပါသော ပြည်သူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုစစ်တမ်းကောက်ယူခြင်းမှ ရရှိလာသောအချက်အလက်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာ မူဝါဒများ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ထိရောက်စွာအသုံးပြုနိုင်မည်ဟု ကျွန်ုပ်အနေဖြင့် လေးနက်စွာ ယုံကြည်မျှော်လင့်မိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



# Contents


| Sr. | Description | Page No. |
|---|---|---|
| 1. | Sample Design | 1 |
| 2. | Concept and Definition | 2-3 |
| 3. | Key Figure | 4-5 |
| 4. | Key Finding | 6 |
| 5. | Population and Labour Force | 7-8 |
| 6. | Employment and Job Quality | 9-12 |
| 7. | Wages and Earnings | 13-17 |
| 8. | Labour Underutilization | 18-19 |
| 9. | Working age population outside the labour force | 20-21 |
| 10. | Working Children and Child Labour | 22-24 |


List of Table


| Table No. | Title | Page No. |
|---|---|---|
| 1. | Working-age population and labour force by age, sex and urban/rural | 7 |
| 2. | Employment by age, sex and urban/rural | 9-10 |
| 3. | Monthly wages and earning of wage employees by age, sex and urban/rural | 13-14 |
| 4. | Total monthly wages and earnings of all employed persons by age, sex and urban/rural | 15 |
| 5. | Labour Underutilization by age, sex and urban/rural | 18 |
| 6. | Working-age population outside the labour force by age, sex and urban/rural | 20 |
| 7. | Working Children and Child Labour by age, sex and urban/rural | 22-23 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နမူနာဒီဇိုင်း | ၁ |
| ၂။ | အယူအဆနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ | ၂-၃ |
| ၃။ | အဓိကအချက်အလက်များ | ၄-၅ |
| ၄။ | အဓိက တွေ့ရှိချက်များ | ၆ |
| ၅။ | လူဦးရေနှင့် လုပ်သားအင်အား | ၇-၈ |
| ၆။ | အလုပ်အကိုင်နှင့် အလုပ်၏အရည်အသွေး | ၉-၁၂ |
| ၇။ | လုပ်ခနှင့် ဝင်ငွေရရှိမှု | ၁၃-၁၇ |
| ၈။ | လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်း | ၁၈-၁၉ |
| ၉။ | အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပ ရောက်ရှိနေသူများ | ၂၀-၂၁ |
| ၁၀။ | အလုပ်လုပ်သောကလေးများနှင့် ကလေးလုပ်သား | ၂၂-၂၄ |


ဇယားများ


| ဇယား အမှတ်စဉ် | ဇယားခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | အသက်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေနှင့် လုပ်သားအင်အား အခြေအနေ | ၇ |
| ၂။ | အသက်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်အကိုင်အခြေအနေ | ၉-၁၀ |
| ၃။ | အသက်၊ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် အခကြေးငွေရ အလုပ်သမားများ၏ လစဉ်လုပ်ခနှင့် ဝင်ငွေ | ၁၃-၁၄ |
| ၄။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက် အလိုက် အလုပ်လုပ်သူအားလုံး၏ စုစုပေါင်း တစ်လလုပ်ခနှင့် ဝင်ငွေ | ၁၅ |
| ၅။ | အသက်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုအခြေအနေ | ၁၈ |
| ၆။ | အသက်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ် လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပ ရောက်ရှိနေသူများ အခြေအနေ | ၂၀ |
| ၇။ | အသက်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများနှင့် ကလေးလုပ်သား အခြေအနေ | ၂၂-၂၃ |

## Sample Design

The sample design will be a two stage sampling design. Each type of residency rural or urban in a State / Region /Union Territory will be treated as a basic stratum. As there are in total 7 States, 7 Regions and one Union Territory (UT) in the country, there will be $(7+7+1)\times 2 = 30$ basic strata in total.

Expecting quarterly labour force survey will be conducted after a couple of years, now it is intended to collect labour market information at high and low seasons. It is planned to collect first round, Q1 at January-March and at September-November for the second round Q2. Considering, cost, time and manpower resources the targeted sample size in terms of FSUs has been determined as 780EAs per each round. In each EA 18 households will be selected for survey. As such, the total expected number of households to be surveyed will be about 14040 for each round. For annual labour force survey, it will use data from all rounds.

For allocation of FSUs among urban and rural areas, urban areas were given higher weight-age to rural areas as 1.5 to 1.0 considering the higher heterogeneity among the employment characteristics in urban areas and its relatively low population size. Proportion of urban population in the State 'Yangon' was much higher and as such no over weight-age was given to its urban area. Both urban and rural areas were given the same weights i.e. 1:1. Further, with a view to produce both domain-level and national-level estimates the proportional allocation will be adopted with adjustment for minimum sample size at State level.

**နမူနာဒီဇိုင်း**

နမူနာဒီဇိုင်းသည် နှစ်ဆင့်အလွှာခွဲနမူနာကောက်နည်း (Two Stage Stratification Sampling Method) ဖြစ်ပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီ၏ ကျေးလက် (သို့) မြို့ပြကို အခြေခံအလွှာ (stratum) အဖြစ် သတ်မှတ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး (၇) ခု၊ ပြည်နယ် (၇) ခု၊ ပြည်ထောင်စုနယ်မြေ (၁) ခု ရှိသည့်အတွက် စုစုပေါင်း အခြေခံအလွှာ (၇+၇+၁)*၂= ၃၀ ရှိပါသည်။

နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို ရာသီချိန်နှင့် ရာသီချိန်ပြင်ပရှိ လုပ်သားဈေးကွက် သတင်းအချက်အလက်ရရှိရန်ရည်ရွယ်ပြီး Quarterly ကောက်ယူခြင်း ဖြစ်ပါသည်။ စစ်တမ်း ပထမအကြိမ်ကို ဇန်နဝါရီလမှ မတ်လအထိလည်းကောင်း၊ ဒုတိယအကြိမ်ကို စက်တင်ဘာလမှ နိုဝင်ဘာလအထိ လည်းကောင်း ကောက်ယူသွားမည်ဖြစ်ပါသည်။ စစ်တမ်းကောက်ယူရန် ကုန်ကျစရိတ်၊ အချိန်နှင့် လုပ်သားအင်အားကို ထည့်သွင်းစဉ်းစား၍ တစ်ကြိမ်လျှင် စာရင်းကောက်ကွက် ၇၈၀ ကို နမူနာအရွယ်အဖြစ် သတ်မှတ်ကောက်ယူခြင်းဖြစ်ပါသည်။ စစ်တမ်းအတွက် စာရင်းကောက်ကွက် တစ်ကွက်လျှင် နမူနာ အိမ်ထောင်စု ၁၈ အိမ်ကို ရွေးချယ်ကောက်ယူခဲ့ပြီး စုစုပေါင်းနမူနာအိမ်ထောင်စု ၁၄,၀၄၀ ကို ကောက်ယူခဲ့ပါသည်။ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအတွက် နှစ်ကြိမ်ကောက်ယူပြီးသည့် အချက်အလက်များကို အသုံးပြုသွားမည်ဖြစ်ပါသည်။

မြို့ပြနှင့် ကျေးလက်ဒေသများတွင် FSUs များအား ခွဲဝေသတ်မှတ်ရန် မြို့ပြဒေသများတွင် အလုပ်အကိုင်ဆိုင်ရာ သွင်ပြင်လက္ခဏာများ၏ ကွဲပြားခြားနားမှုမှာ ပိုမိုများပြားပြီး လူဦးရေအရွယ်အစားမှာ ပိုမိုနည်းပါးသည့်အတွက် ကျေးလက်အား ၁.၀ အလေး (weight-age) နှင့် မြို့ပြအား ပိုမိုများပြားသည့် အလေး ၁.၅ (weight) ဖြင့်သတ်မှတ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြလူဦးရေမှာ များပြားနေကြောင်းတွေ့ရှိရသောကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြဒေသနှင့် ကျေးလက်ဒေသ၏ အလေး (weight) ကိုမူ ပိုပေးထားခြင်းမရှိပါ။ မြို့ပြနှင့် ကျေးလက်၏ အလေးကိုမူ ၁:၁ ဖြင့် တူညီစွာ အလေးပေးထားပါသည်။ ထို့ပြင် နယ်ပယ်အဆင့် (domain-level) နှင့် နိုင်ငံအဆင့် (national-level) ခန့်မှန်းမှုများကို တွက်ချက်နိုင်ရန်နေရာ ချထားခွဲဝေမှုကို လူဦးရေအရွယ်အစား၏ နှစ်ထပ်ကိန်းရင်းဖြင့် အချိုးညီစွာ ခွဲဝေပါသည်။

# Concepts and definitions

*Employment*

Persons in employment are defined as all those of working age who, during a reference period of seven days, were engaged in any activity to produce goods or provide services for pay or profit. They comprise:

- Employed persons at work, i.e. who worked in a job for at least one hour;

- Employed persons not at work due to temporary absence from a job, or to working-time arrangements (such as shift work, flexitime and compensatory leave for overtime).

*Unemployment*

Persons in unemployment are defined as all those of working age who were not in employment, carried out activities to seek employment during a specified recent period and were currently available to take up employment given a job opportunity.

*Labour force*

Persons who are either in employment or in unemployment as defined above constitute labour force. The sum of persons in employment and in unemployment equals the labour force.

*Outside labour force*

Persons outside the labour force are those of working age who were neither in employment nor in unemployment in the short reference period

*Labour underutilization*

It refers to mismatches between labour supply and demand, which translate into an unmet need for employment among the population. Measures of labour under utilization include, but may not be restricted to:

(a) *Time-related underemployment*, when the working time of persons below 44 hours per week based on the Factory Act in employment is insufficient in relation to alternative employment situations in which they are willing and available to engage;

## အယူအဆနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ

### အလုပ်လက်ရှိ

လူတစ်ဦးသည် ရည်ညွှန်းကာလ ၇ ရက်အတွင်း လုပ်ခ(သို့) အမြတ် အစွန်းတစ်စုံတစ်ရာဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန် မည်သည့်အလုပ်ကိုမဆို လုပ်ဆောင်နေသူများကို အလုပ်လက်ရှိဟုသတ်မှတ်ပါသည်။ အလုပ်လက်ရှိတွင် တစ်ဘက်ပါအချက်များပါဝင်ပါသည်-

- 'လုပ်ငန်းခွင်အတွင်း' အလုပ်လက်ရှိဆိုလိုသည်မှာ အနည်းဆုံး ၁ နာရီခန့်အလုပ်မှာ အလုပ်လုပ်ခဲ့ခြင်း၊
- 'လုပ်ငန်းခွင်အတွင်းမရှိသော' အလုပ်လက်ရှိဆိုလိုသည်မှာ အလုပ်မှ ယာယီပျက်ကွက်နေသူ (သို့) အလုပ်လုပ်သည့်အချိန်ကို စီစဉ်ထားသဖြင့် (အဆိုင်းဖြင့် အလုပ်လုပ်ချိန်၊ စုစုပေါင်းအလုပ်ချိန်ကိုမထိခိုက်စေဘဲ လွှဲပြောင်းထားသောအလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းကြောင့် အစားထိုးရရှိသည့်ခွင့်ကာလခံစားချိန်၊ အလုပ်မှပျက်ကွက်နေသူ။)

### အလုပ်လက်မဲ့

အလုပ်လက်မဲ့ဟု သတ်မှတ်နိုင်ရန်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အလုပ်မရှိသောသူများသည် သတ်မှတ်သည့် အချိန်ကာလအတွင်း အလုပ်ရရှိရန်ရှာဖွေနေခြင်းနှင့် အလုပ်အကိုင်ရရှိပါက စတင်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေသူများကိုဆိုလိုပါသည်။

### .လုပ်သားအင်အား

အထက်တွင် အဓိပ္ပာယ်ဖော်ပြထားသော အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့များသည် လုပ်သားအင်အားတွင် ပါဝင်ပါသည်။ အလုပ်လက်ရှိဦးရေနှင့် အလုပ်လက်မဲ့ဦးရေကိုပေါင်းခြင်းသည် လုပ်သားအင်အားဖြစ်ပါသည်။

### လုပ်သားအင်အားပြင်ပတွင်ရှိသူ

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ ရည်ညွှန်းကာလတိုအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တွင် မပါဝင်သူများကို လုပ်သားအင်အားပြင်ပတွင်ရှိသူဟု သတ်မှတ်ပါသည်။

### လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း (Labour Underutilization)

လုပ်အားအင်အားကို အပြည့်အဝ အသုံးမချနိုင်ခြင်းဆိုသည်မှာ လုပ်သားဖြည့်ဆည်းမှု (Labour Supply) နှင့် လုပ်သားလိုအပ်ချက် (Labour Perment) များအကြား ညီမျှမှုမရှိခြင်း တနည်းအားဖြင့် လူဦးရေအတွက် အလုပ်အကိုင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်း ကို ဆိုလိုပါသည်။ Labour Underutilization ကို တိုင်းတာသည့်အချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်-

(က) **အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့** - လူတစ်ယောက်၏ တစ်ပတ်အလုပ်ချိန်သည် ၄၄ နာရီထက် လျော့နည်းနေသည့်အတွက် အခြားအလုပ်တစ်ခုကို လုပ်ကိုင်လိုစိတ်ရှိပြီး အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသူကိုဆိုသည်။

(b) *Unemployment*, reflecting an active job search by persons not in employment who are available for this form of work; and

(c) *Potential labour force*, referring to persons not in employment who express an interest in this form of work but for whom existing conditions limit their active job search and/or their availability.

### Child

In accordance with the ILO─s Worst Forms of Child Labour Convention No. 182 (1999), and the United Nations Convention on the Rights of the Child, a child should be defined as an individual under 18 years old. For this survey, the target population for measuring child labour comprises all persons in the age group from 5 to 17 years, where age is measured as the number of completed years at the child─s last birthday.

### Child labour

As such, in Myanmar, there is no official definition on child labour yet. Therefore, the definitions followed in this survey are in accordance with the international practices where working children of the following types are considered as child labour:

**i.** Age 5-17 and engaged in hazardous work for pay or profit for at least one hour per week or working in the night time (6 p.m. to 6 a.m.) for pay or profit;

OR

**ii.** Age 5-12 and engaged for at least one hour per week for pay or profit;

OR

**iii.** Age 13-14 and engaged for more than 24 hours per week;

OR

**iv.** Age 15-17 and engaged in work more than 44 hours a week for pay or profit.

The remaining working children are not regarded as child labour in this report and are labelled working children other than child labour.

(ခ) **အလုပ်လက်မဲ့**- အလုပ်အကိုင်မရှိသူတစ်ဦးသည် လတ်တလောအချိန်အတွင်း အလုပ်အကိုင်ကိုရှာဖွေလျက်ရှိပြီး အဆိုပါအလုပ်လုပ်ကိုင်ရန်အတွက် အဆင်သင့်ရှိနေသူကို ရည်ညွှန်းပါသည်။

(ဂ) **ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား**- အလုပ်အကိုင်မရှိသူတစ်ဦးသည် အလုပ်လုပ်ရန် ဆန္ဒရှိသော်လည်း ၎င်းအနေဖြင့် အလုပ်ရှာဖွေရန် အခြေအနေကန့်သတ်ချက်ရှိနေခြင်း နှင့်/ သို့မဟုတ် အဆင်သင့်ရှိနေသူကို ရည်ညွှန်းပါသည်။

**ကလေး (Child )**

ILO ၏ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ပြဋ္ဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ပြဋ္ဌာန်းချက်နှင့်အညီ ကလေးအဖြစ် အသက် ၁၈ နှစ်အောက် လူတစ်ဦးကို သတ်မှတ်ပါသည်။ ဤစစ်တမ်းတွင် ကလေးလုပ်သားတိုင်းတာရန်အတွက် ရည်မှန်းချက်ဦးရေမှာ အသက်အုပ်စု အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများအားလုံးပါဝင်ပြီး အသက်ကို တိုင်းတာရာတွင် ကလေး၏ လွန်ခဲ့သောမွေးနေ့က ပြည့်ပြီးအသက်နှစ်ဖြင့် တိုင်းတာပါသည်။

**ကလေးလုပ်သား (Child Labour)**

မြန်မာနိုင်ငံတွင် ကလေးလုပ်သားနှင့်စပ်လျဉ်း၍ တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါ။ ထို့ကြောင့် စစ်တမ်းတွင်အသုံးပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် နိုင်ငံတကာတွင် ကျင့်သုံးနေမှုအရ အောက်တွင်ဖော်ပြထားသော ပုံစံများတွင် အလုပ်လုပ်သောကလေးများကို ကလေးလုပ်သားအဖြစ် သတ်မှတ်ပါသည် -

(က) အသက် ၅ နှစ် မှ ၁၇ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် အန္တရာယ်ရှိသော အလုပ်များတွင် တစ်ပတ်လျှင်အနည်းဆုံး တစ်နာရီလုပ်ကိုင်ခြင်း၊ သို့မဟုတ် ညအချိန်များ (ည ၆ နာရီမှ နံနက် ၆ နာရီ) တွင် အလုပ်လုပ်ခြင်း (သို့မဟုတ်)

(ခ) အသက် ၅ နှစ် မှ ၁၁ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် အနည်းဆုံး တစ်နာရီ လုပ်ကိုင်ခြင်း၊ (သို့မဟုတ်)

(ဂ) အသက် ၁၂ နှစ် မှ ၁၄ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၂၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း (သို့မဟုတ်)

(ဃ) အသက် ၁၅ နှစ် မှ ၁၇ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၄၄ နာရီ ထက်ပို၍လုပ်ကိုင်ခြင်း၊

ကျန်ရှိသည့် အလုပ်လုပ်သောကလေးများကို ဤအစီရင်ခံစာတွင် ကလေးလုပ်သားအဖြစ် မသတ်မှတ်ဘဲ 'ကလေးလုပ်သားမဟုတ်သည့် အလုပ်လုပ်နေသောကလေးများ' ဟူ၍ သတ်မှတ်ထားပါသည်။

Key figures

| | 2015 | Q1 2017 | Q3 2017 |
|---|---|---|---|
| Working-age population (000) | 33,935 | 36,394 | |
| Male | 15,554 | 16,618 | |
| Female | 18,381 | 19,776 | |
| Labour force (000) | 21,960 | 22,389 | |
| Male | 12,475 | 12,955 | |
| Female | 9,485 | 9,434 | |
| Employment (000) | 21,791 | 21,912 | |
| Male | 12,391 | 12,757 | |
| Female | 9,400 | 9,155 | |
| Labour force participation rate (%) | 64.7 | 61.5 | |
| Male | 80.2 | 78.0 | |
| Female | 51.6 | 47.7 | |
| Employment-to-population ratio (%) | 64.2 | 60.2 | |
| Male | 79.7 | 76.8 | |
| Female | 51.1 | 46.3 | |
| Unemployment rate (%) | 0.8 | 2.1 | |
| Male | 0.7 | 1.5 | |
| Female | 0.9 | 3.0 | |
| Composite rate of labour underutilization (%) | 6.9 | 7.7 | |
| Male | 6.0 | 6.6 | |
| Female | 8.1 | 9.3 | |
| Youth unemployment rate, aged 15-24 (%) | 1.6 | 5.0 | |
| Male | 1.4 | 3.9 | |
| Female | 1.8 | 6.2 | |
| Share of wage workers in total employment (%) | 38.5 | 39.9 | |
| Male | 39.4 | 40.1 | |
| Female | 37.3 | 39.6 | |
| Share of informal employment in total employment (%) | 87.5 | 83.0 | |
| Male | 86.0 | 77.4 | |
| Female | 89.5 | 90.7 | |
| Average monthly wages (000 kyat) | 115.4 | 169.8 | |
| Male | 128.9 | 178.7 | |
| Female | 96.7 | 157.3 | |

အဓိကအချက်အလက်များ

| | ၂၀၁၅ | Q1 ၂၀၁၇ | Q3 ၂၀၁၇ |
|---|---|---|---|
| အလုပ်လုပ်ကိုင်နိုင်သည့်အသက်အပိုင်းခြားရှိသူဦးရေ ('၀၀၀) | ၃၃,၉၃၅ | ၃၆,၃၉၄ | |
| ကျား | ၁၅,၅၅၄ | ၁၆,၆၁၈ | |
| မ | ၁၈,၃၈၁ | ၁၉,၇၇၆ | |
| လုပ်သားအင်အား ('၀၀၀) | ၂၁,၉၆၀ | ၂၂,၃၈၉ | |
| ကျား | ၁၂,၄၇၅ | ၁၂,၈၅၅ | |
| မ | ၉,၄၈၅ | ၉,၄၃၄ | |
| အလုပ်လက်ရှိဦးရေ ('၀၀၀) | ၂၁,၇၉၁ | ၂၁,၉၁၂ | |
| ကျား | ၁၂,၃၉၁ | ၁၂,၇၅၇ | |
| မ | ၉,၄၀၀ | ၉,၁၅၅ | |
| လုပ်သားအင်အားပါဝင်မှုနှုန်း (%) | ၆၄.၇ | ၆၁.၅ | |
| ကျား | ၈၀.၂ | ၇၈.၀ | |
| မ | ၅၁.၆ | ၄၇.၇ | |
| လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး (%) | ၆၄.၂ | ၆၀.၂ | |
| ကျား | ၇၉.၇ | ၇၆.၈ | |
| မ | ၅၁.၁ | ၄၆.၃ | |
| အလုပ်လက်မဲ့နှုန်း (%) | ၀.၈ | ၂.၁ | |
| ကျား | ၀.၇ | ၁.၅ | |
| မ | ၀.၉ | ၃.၀ | |
| စုစုပေါင်း လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုနှုန်း (%) | ၆.၉ | ၇.၇ | |
| ကျား | ၆.၀ | ၆.၆ | |
| မ | ၈.၁ | ၉.၃ | |
| အသက် ၁၅-၂၄ နှစ် လူငယ်များ၏ အလုပ်လက်မဲ့နှုန်း (%) | ၁.၆ | ၅.၀ | |
| ကျား | ၁.၄ | ၃.၉ | |
| မ | ၁.၈ | ၆.၂ | |
| စုစုပေါင်းအလုပ်လုပ်သူဦးရေတွင် အလုပ်သမားပါဝင်မှုနှုန်း(%) | ၃၈.၅ | ၃၉.၉ | |
| ကျား | ၃၉.၄ | ၄၀.၁ | |
| မ | ၃၇.၃ | ၃၉.၆ | |
| စုစုပေါင်းအလုပ်လုပ်သူဦးရေတွင် သမရိုးကျမဟုတ်သော အလုပ်အကိုင် လုပ်ကိုင်နေသူ ပါဝင်မှုရာခိုင်နှုန်း (%) | ၈၇.၅ | ၈၃.၀ | |
| ကျား | ၈၆.၀ | ၇၇.၄ | |
| မ | ၈၉.၅ | ၉၀.၇ | |
| ပျမ်းမျှ တစ်လလုပ်ခ ('၀၀၀ ကျပ်) | ၁၁၅.၄ | ၁၆၉.၈ | |
| ကျား | ၁၂၈.၉ | ၁၇၈.၇ | |
| မ | ၉၆.၇ | ၁၅၇.၃ | |

| | 2015 | Q1 2017 | Q3 2017 |
|---|---|---|---|
| Total children population aged 5-17 years(000) | 12,146 | 12,410 | |
| Male | 6,010 | 6,157 | |
| Female | 6,136 | 6,253 | |
| Working children in total population of children (%) | 10.5 | 6.5 | |
| Male | 11.3 | 7.3 | |
| Female | 9.8 | 5.7 | |
| Child labour in total population of children (%) | 9.3 | 5.0 | |
| Male | 10.0 | 5.7 | |
| Female | 8.5 | 4.4 | |

| | ၂၀၁၅ | Q1 ၂၀၁၇ | Q3 ၂၀၁၇ |
|---|---|---|---|
| အသက် ၅-၁၇ နှစ် ကလေးဦးရေစုစုပေါင်း ('၀၀၀) | ၁၂,၁၄၆ | ၁၂,၄၁၀ | |
| ကျား | ၆,၀၁၀ | ၆,၁၅၇ | |
| မ | ၆,၁၃၆ | ၆,၂၅၃ | |
| ကလေးဦးရေစုစုပေါင်းတွင် အလုပ်လုပ်သောကလေး ပါဝင်မှုရာခိုင်နှုန်း (%) | ၁၀.၅ | ၆.၅ | |
| ကျား | ၁၁.၃ | ၇.၃ | |
| မ | ၉.၈ | ၅.၇ | |
| ကလေးဦးရေစုစုပေါင်းတွင် ကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်း(%) | ၉.၃ | ၅.၀ | |
| ကျား | ၁၀.၀ | ၅.၇ | |
| မ | ၈.၅ | ၄.၄ | |

Key findings

- In 2017, the working-age population (aged 15+) was 36,394 thousand, of which slightly more than one-half were women.

- The labour force participation rate was 61.5 percent, however the rate for men was considerably higher than that for women by 30.3 percentage points.
- Employment totalled 21,912 thousand, with women accounting for only 41.8 percent, and the vast majority of employment was based in rural areas (72.3 percent).
- Only 39.9 percent of all workers were wage employees, and a vast majority (77.7 percent) were either own-account or contributing family workers.

- Employment was heavily concentrated in the agricultural sector (48.8 percent), followed by wholesale and retail trade (15.9 percent), Manufacturing (10.8 percent) and transportation and storage (4.7 percent).Education accounted for 3.0 percent of total employment.

- The overall unemployment rate was 2.1 percent, with a male-female gap of 1.5 percentage points, which is double for female compared to male rate.

- The overall composite rate of labour underutilization was 7.7 percent, and the male-female gap was 2.7 in percentage points. The key component that drives such high labour underutilization is not unemployment, but rather underemployment (at 6.6 percent).

- In comparison, the youth unemployment rate was significantly higher (5.0 percent), and the rate was higher for young women (6.2 percent) compared to young men (3.9 percent).
- Average monthly wages were 169.8 thousand kyat and substantially lower for women vis-à-vis men.
- Total population of children (aged 5-17) accounted for 12,410 thousand. Among them, 805 thousand are working children, and 637 thousand were found in child labour, i.e. 5.1 percent (5.9 percent for males and 4.4 percent for female).

**အဓိကတွေ့ရှိချက်များ**

- ၂၀၁၇ ခုနှစ်တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူ ၃၆.၃၉ သန်းတွင် အမျိုးသမီးဦးရေသည် ထက်ဝက်ကျော်ခန့်ဖြင့် အမျိုးသားဦးရေထက် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။
- ပြည်ထောင်စုအဆင့် လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းသည် ၆၁.၅% ဖြစ်ပြီး အမျိုးသားများ၏ ပါဝင်မှုနှုန်းသည် အမျိုးသမီးများထက် ၃၀.၃% မြင့်မားသည်ကို တွေ့ရှိရပါသည်။
- စုစုပေါင်း အလုပ်လုပ်သူ ၂၁.၉၁ သန်းတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ၄၁.၈% သာပါဝင်နေပြီး အလုပ်လုပ်ကိုင်သူအများစု ၇၂.၃% သည် ကျေးလက်ဒေသများတွင် ဖြစ်သည်ကို တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်နေသူများတွင် လုပ်ခရ အလုပ်သမားများအဖြစ် ၃၉.၉% သာတွေ့ရှိရမည် ဖြစ်ပြီး အများစု ၇၇.၇% သည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အခကြေးငွေမရသည့် မိသားစုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူများအဖြစ် တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်နေသူအများစုသည် လယ်ယာကဏ္ဍတွင် ၄၈.၈% ဖြင့် အများဆုံးဖြစ်ပြီး လက်လီလက်ကားရောင်းဝယ်မှုကဏ္ဍတွင် ၁၅.၉%၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် ၁၀.၈% နှင့် ပို့ဆောင်ရေးနှင့်သိုလှောင်ရေးကဏ္ဍတွင် ၄.၇% စသည်ဖြင့် အသီးသီးပါဝင်လျက်ရှိသည်ကို တွေ့ရှိရပြီး စုစုပေါင်းအလုပ်လုပ်ကိုင်နေသူများ၏ ၃.၀% သာ ပညာရေးကဏ္ဍတွင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။
- ပြည်ထောင်စုအဆင့် အလုပ်လက်မဲ့နှုန်းသည် ၂.၁% ဖြစ်ပြီး အမျိုးသား-အမျိုးသမီး အကြားခြားနားမှု ၁.၅% ရှိရာ အမျိုးသမီးများ၏ရာခိုင်နှုန်းသည် အမျိုးသားများထက် ၂ ဆခန့်မြင့်မားသည်ကို တွေ့ရှိရပါသည်။
- စုစုပေါင်း လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းသည် ၇.၇% ဖြစ်ပြီး အမျိုးသား-အမျိုးသမီးအကြားခြားနားမှု ၂.၇% ရှိကြောင်းတွေ့ရှိရပါသည်။ စုစုပေါင်း လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုနှုန်း အဓိကမြင့်မားရခြင်းသည် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းမြင့်မားမှု ၆.၆% ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။
- အလုပ်လက်မဲ့နှုန်းတွင် လူငယ်များ (အသက် ၁၅ နှစ်မှ ၂၄ နှစ်) ၏ အလုပ်လက်မဲ့နှုန်းသည် ၅.၀% ဖြင့် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပြီး အဆိုပါရာခိုင်နှုန်းသည် အမျိုးသားများ ၃.၉% ထက် အမျိုးသမီးများ ၆.၂% က ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။
- ပျမ်းမျှ တစ်လလုပ်ခမှာ ၁၆၉,၈၀၀ ကျပ်ဖြစ်ပြီး အမျိုးသားများထက် အမျိုးသမီးများက အနည်းငယ်လျော့နည်းသည်ကို တွေ့ရှိရပါသည်။
- စုစုပေါင်း ကလေး (အသက် ၅ နှစ်မှ ၁၇ နှစ်) ဦးရေ ၁၂.၄၁ သန်းတွင် ၈ သိန်း ကျော်သည် အလုပ်လုပ်ကိုင်နေကြရပြီး၊ ၆.၃၇ သိန်းကျော်သည် ကလေးလုပ်သားများအဖြစ် တွေ့ရှိရပါသည်။ သို့ဖြစ်ရာကလေးစုစုပေါင်း၏ ၅.၁% သည် ကလေးလုပ်သားများအဖြစ်တွေ့ရှိရပြီး ယောက်ျားလေးများသည် ၅.၉% နှင့် မိန်းကလေးများသည် ၄.၄% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

1. Population and labour force

Table 1. Working-age population and labour force by age, sex and urban/rural

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| Working-age population (000) | 16,618 | 19,776 | 10,591 | 25,803 | 36,394 |
| *By age* | | | | | |
| 15-24 | 4,115 | 4,513 | 2,408 | 6,220 | 8,628 |
| 25-34 | 3,593 | 4,196 | 2,174 | 5,615 | 7,789 |
| 35-44 | 3,230 | 3,733 | 2,030 | 4,933 | 6,963 |
| 45-54 | 2,630 | 3,172 | 1,816 | 3,986 | 5,802 |
| 55-64 | 1,800 | 2,284 | 1,185 | 2,899 | 4,084 |
| 65+ | 1,250 | 1,878 | 978 | 2,150 | 3,128 |
| Labour force (000) | 12,955 | 9,434 | 6,241 | 16,148 | 22,389 |
| *By age* | | | | | |
| 15-24 | 2,541 | 2,120 | 1,117 | 3,544 | 4,661 |
| 25+ | 10,414 | 7,314 | 5,124 | 12,604 | 17,728 |
| *By education (% distribution)* | | | | | |
| Less than primary | 24.7 | 24.9 | 13.2 | 29.3 | 24.8 |
| Completed primary | 59.6 | 55.2 | 53.7 | 59.4 | 57.8 |
| Completed secondary | 9.3 | 7.8 | 14.3 | 6.6 | 8.7 |
| Tertiary (first stage or completed) | 6.3 | 12.0 | 18.9 | 4.8 | 8.7 |
| Labour force participation rate (%) | 78.0 | 47.7 | 58.9 | 62.6 | 61.5 |
| *By age* | | | | | |
| 15-24 | 61.7 | 47.0 | 46.4 | 57.0 | 54.0 |
| 25+ | 83.3 | 47.9 | 62.6 | 64.4 | 63.9 |

*Source: Myanmar Annual Labour Force Survey, Q1 2017*

In 2017, the working-age population (aged 15+) was 36.4 million and among them females constitute 54.3 percent while males, 45.7 percent. In terms of rural and urban areas, rural area is covers 70.9 percent of working age population while urban area, 29.1 percent. It is relatively higher percentage in younger age groups among the distribution of working age population for each 10 years age groups of working age population.

## ၁။ လူဦးရေနှင့် လုပ်သားအင်အား

**ဇယား-၁။ အသက်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေနှင့် လုပ်သားအင်အားအခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ ('၀၀၀)** | **၁၆,၆၁၈** | **၁၉,၇၇၆** | **၁၀,၅၉၁** | **၂၅,၈၀၃** | **၃၆,၃၉၄** |
| *အသက်အပိုင်းအခြားအလိုက်* | | | | | |
| ၁၅-၂၄ | ၄,၁၁၅ | ၄,၅၁၃ | ၂,၄၀၈ | ၆,၂၂၀ | ၈,၆၂၈ |
| ၂၅-၃၄ | ၃,၅၉၃ | ၄,၁၉၆ | ၂,၁၇၄ | ၅,၆၁၅ | ၇,၇၈၉ |
| ၃၅-၄၄ | ၃,၂၃၀ | ၃,၇၃၃ | ၂,၀၃၀ | ၄,၉၃၃ | ၆,၉၆၃ |
| ၄၅-၅၄ | ၂,၆၃၀ | ၃,၁၇၂ | ၁,၈၁၆ | ၃,၉၈၆ | ၅,၈၀၂ |
| ၅၅-၆၄ | ၁,၈၀၀ | ၂,၂၈၄ | ၁,၁၈၅ | ၂,၈၉၉ | ၄,၀၈၄ |
| ၆၅+ | ၁,၂၅၀ | ၁,၈၇၈ | ၉၇၈ | ၂,၁၅၀ | ၃,၁၂၈ |
| **လုပ်သားအင်အား('၀၀၀)** | **၁၂,၉၅၅** | **၉,၄၃၄** | **၆,၂၄၁** | **၁၆,၁၄၈** | **၂၂,၃၈၉** |
| *အသက်အပိုင်းအခြားအလိုက်* | | | | | |
| ၁၅-၂၄ | ၂,၅၄၁ | ၂,၁၂၀ | ၁,၁၁၇ | ၃,၅၄၄ | ၄,၆၆၁ |
| ၂၅+ | ၁၀,၄၁၄ | ၇,၃၁၄ | ၅,၁၂၄ | ၁၂,၆၀၄ | ၁၇,၇၂၈ |
| *ပညာအရည်အချင်းအလိုက် (ပျံ့နှံ့မှုရာခိုင်နှုန်း)* | | | | | |
| မူလတန်းအောက် | ၂၄.၇ | ၂၄.၉ | ၁၃.၂ | ၂၉.၃ | ၂၄.၈ |
| မူလတန်းပြီးမြောက် | ၅၉.၆ | ၅၅.၂ | ၅၃.၇ | ၅၉.၄ | ၅၇.၈ |
| အလယ်တန်းပြီးမြောက် | ၉.၃ | ၇.၈ | ၁၄.၃ | ၆.၆ | ၈.၇ |
| အထက်တန်းအဆင့် (ပထမအဆင့် (သို့) ပြီးမြောက်သည့်အဆင့်) | ၆.၃ | ၁၂.၀ | ၁၈.၉ | ၄.၈ | ၈.၇ |
| **လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း** | **၇၈.၀** | **၄၇.၇** | **၅၈.၉** | **၆၂.၆** | **၆၁.၅** |
| *အသက်အပိုင်းအခြားအလိုက်* | | | | | |
| ၁၅-၂၄ | ၆၁.၇ | ၄၇.၀ | ၄၆.၄ | ၅၇.၀ | ၅၄.၀ |
| ၂၅+ | ၈၃.၃ | ၄၇.၉ | ၆၂.၆ | ၆၄.၄ | ၆၃.၉ |

*ဇာစ်မြစ်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံနှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမသုံးလပတ်)*

၂၀၁၇ ခုနှစ်၊ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေသည် ၃၆.၄ သန်းရှိပြီး အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းမှာ ၅၄.၃% နှင့် အမျိုးသား ပါဝင်မှုရာခိုင်နှုန်းမှာ ၄၅.၇% ဖြစ်သည်ကို တွေ့ရှိရပါသည်။ မြို့ပြ၊ကျေးလက်ဒေသများအကြား နှိုင်းယှဉ်ကြည့်ပါက အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေ၏ ၇၀.၉% သည် ကျေးလက်ဒေသတွင်ရှိပြီး မြို့ပြဒေသတွင် ၂၉.၁% ရှိသည်ကိုတွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေပျံ့နှံ့မှုကို ၁၀ နှစ်ခြား အသက်အုပ်စုအလိုက် ကြည့်မည်ဆိုပါက ငယ်ရွယ်သောအသက်အုပ်စုများတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေသည် ပိုမိုမြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။

The labour force was 22.4 million and in which youths constitute20.8 percent while adults, 79.2 percent. The labour force participation for youth was lower than that of adult, but female participation rates of both youths and adults were nearly equal as 47.0 percent and 47.9 percent.

61.5 percent of working age population in the country constitutes labour force and remaining 38.5 percent is outside the labour force. Among the males, labour force constitutes 78.0 percent and for females, 51.4 percent. For both males and females, labour force participation is higher in rural areas than urban areas and for both urban and rural areas labour force participation is higher for males than females.

The labour force participation in urban and rural areas is somewhat close to working age population structure in urban and rural areas. In contrast, participation of females is lower than males although females are numerically higher in working age population.

The distribution of persons by attainment of education level for labour force, the highest was at primary completed level. Although there is gross similarity between the distributions of males and females, the proportion of females is higher at the tertiary of whether first stage or completed. As regards to attaining a higher level of education, the proportion is favourable in urban compared to rural.

လုပ်သားအင်အားမှာ ၂၂.၄ သန်းရှိပြီး လူငယ်ပါဝင်မှုရာခိုင်နှုန်းမှာ ၂၀.၈% ပါဝင်ပြီး အရွယ်ရောက်ပြီးသူလူဦးရေ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၇၉.၂% ရှိသည်ကိုတွေ့ရှိရပါသည်။ လူငယ်များ၏ လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းသည် အရွယ်ရောက်ပြီးသူများ၏ လုပ်သားအင်အား ပါဝင်မှုရာခိုင်နှုန်းထက် ပိုမိုနည်းပါးသော်လည်း လူငယ်အမျိုးသမီးများနှင့် အရွယ်ရောက်ပြီးသူအမျိုးသမီး၏ ပါဝင်မှုရာခိုင်နှုန်းသည် ၄၇.၀% နှင့် ၄၇.၉% ဖြင့် တူညီလုနီးပါးရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံ၏ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင် လုပ်သားအင်အားသည် ၆၁.၅% ဖြစ်ပြီး ၃၈.၅% သည် လုပ်သားအင်အားပြင်ပတွင် ရှိနေသည်ကို တွေ့ရှိရပါသည်။ လုပ်သားအင်အားတွင် အမျိုးသားပါဝင်မှုရာခိုင်နှုန်းမှာ ၇၈.၀% နှင့် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းမှာ ၅၁.၄% ဖြစ်သည်ကိုတွေ့ရှိရပါသည်။ လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းအနေဖြင့် ကျား၊ မ နှစ်မျိုးလုံးတွင် မြို့ပြဒေသထက် ကျေးလက်ဒေသတွင် ပိုမိုမြင့်မားလျက်ရှိပြီး မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုစလုံးတွင် လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းသည် အမျိုးသမီးများထက် အမျိုးသားက ပိုမိုမြင့်မားစွာ ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

မြို့ပြနှင့် ကျေးလက်ဒေသရှိ လုပ်သားအင်အားပါဝင်မှုသည် မြို့ပြနှင့် ကျေးလက်ဒေသရှိ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေပါဝင်မှုပုံစံနှင့် နီးစပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေတွင် အမျိုးသမီး၏ပါဝင်မှုမှာ ကိန်းဂဏန်းအရ ပိုမိုမြင့်မားသော်လည်း အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုမှာ အမျိုးသားများထက် ပိုမိုနည်းပါးသည်ကို တွေ့ရှိရပါသည်။

လုပ်သားအင်အားကို ပညာရေးပြီးမြောက်မှုအဆင့်အလိုက် လူဦးရေပျံ့နှံ့မှုကို ကြည့်မည်ဆိုပါက မူလတန်းအဆင့်ပြီးမြောက်ထားသူသည် အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ပညာရေး ပြီးမြောက်မှုအဆင့်အလိုက် ကျား၊ မ ပျံ့နှံ့မှုမှာ တူညီသော်လည်း အထက်တန်းအဆင့် သို့မဟုတ် အထက်တန်းအဆင့်ပြီးမြောက်မှုတွင် အမျိုးသမီးဦးရေပါဝင်မှုမှာ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အဆင့်မြင့်ပညာပြီးမြောက်မှုတွင် မြို့ပြဒေသရှိလူဦးရေသည် ကျေးလက်ဒေသရှိလူဦးရေထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

## 2. Employment and job quality

Table 2. Employment by age, sex and urban/rural

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| Employment (000) | 12,757 | 9,155 | 6,071 | 15,841 | 21,912 |
| *By age* | | | | | |
| 15-24 | 2,442 | 1,988 | 1,033 | 3,397 | 4,430 |
| 25+ | 10,315 | 7,167 | 5,038 | 12,444 | 17,482 |
| *By broad industry (% distribution)* | | | | | |
| Agriculture | 51.6 | 44.9 | 9.3 | 63.9 | 48.8 |
| Industry | 19.1 | 16.1 | 28.0 | 13.9 | 17.8 |
| Services | 29.3 | 39.0 | 62.7 | 22.1 | 33.4 |
| *By economic sector (% distribution)* | | | | | |
| Agriculture, forestry and fishery | 51.6 | 44.9 | 9.3 | 63.9 | 48.8 |
| Mining and quarrying | 1.7 | 0.5 | 0.8 | 1.4 | 1.2 |
| Manufacturing | 8.7 | 13.7 | 17.4 | 8.3 | 10.8 |
| Electricity, gas, etc | 0.1* | 0.0* | 0.2* | 0.1* | 0.1* |
| water supply and other | 0.2* | 0.1* | 0.4* | 0.0* | 0.2* |
| Construction | 8.3 | 1.7 | 9.2 | 4.2 | 5.5 |
| Wholesale and retail trade | 10.9 | 23.0 | 31.2 | 10.1 | 15.9 |
| Transportation and storage | 7.7 | 0.4* | 9.3 | 2.9 | 4.7 |
| Accommodation and food services | 1.4 | 2.3 | 3.4 | 1.2 | 1.8 |
| Information and communications | 0.2* | 0.1* | 0.5 | 0.0* | 0.2 |
| Financial and insurance activities | 0.2* | 0.6 | 1.1 | 0.1* | 0.4 |
| Real estate activities | 0.2* | 0.1* | 0.4* | 0.1* | 0.2* |
| Professional, technical | 0.3 | 0.3* | 0.6 | 0.2* | 0.3 |
| Administrative | 1.0 | 0.9 | 2.6 | 0.3* | 0.9 |
| Public administration and defence | 0.8 | 0.5 | 1.3 | 0.4 | 0.7 |
| Education | 1.3 | 5.4 | 5.1 | 2.2 | 3.0 |
| Human health and social work activities | 0.4 | 0.9 | 1.7 | 0.2* | 0.6 |
| Arts, Entertainment and Recreation | 0.2* | 0.1* | 0.4* | 0.0* | 0.1* |
| Other service activities | 4.6 | 4.3 | 4.6 | 4.4 | 4.5 |
| Activities of households as employers | 0.1* | 0.1* | 0.2* | 0.0* | 0.1* |
| Activities of extraterritorial | 0.0* | 0.1* | 0.2* | 0.0* | 0.0* |

*Source: Myanmar Annual Labour Force Survey, Q1 2017*

** Denotes high relative error from too few observations (<50 cases)*

## ၂။ အလုပ်အကိုင်နှင့် အလုပ်၏အရည်အသွေး

**ဇယား-၂။ အသက်၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်အကိုင်အခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| အလုပ်လက်ရှိဦးရေ ('၀၀၀) | ၁၂,၇၅၇ | ၉,၁၅၅ | ၆,၀၇၁ | ၁၅,၈၄၁ | ၂၁,၉၁၂ |
| *အသက်အပိုင်းအခြားအလိုက်* | | | | | |
| ၁၅-၂၄ | ၂,၄၄၂ | ၁,၉၈၈ | ၁,၀၃၃ | ၃,၃၉၇ | ၄,၄၃၀ |
| ၂၅+ | ၁၀,၃၁၅ | ၇,၁၆၇ | ၅,၀၃၈ | ၁၂,၄၄၄ | ၁၇,၄၈၂ |
| *လုပ်ငန်းကဏ္ဍအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း* | | | | | |
| လယ်ယာ | ၅၁.၆ | ၄၄.၉ | ၉.၃ | ၆၃.၉ | ၄၈.၈ |
| စက်မှု | ၁၉.၁ | ၁၆.၁ | ၂၈.၀ | ၁၃.၉ | ၁၇.၈ |
| ဝန်ဆောင်မှု | ၂၉.၃ | ၃၉.၀ | ၆၂.၇ | ၂၂.၁ | ၃၃.၄ |
| *စီးပွားရေးကဏ္ဍအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း* | | | | | |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၅၁.၆ | ၄၄.၉ | ၉.၃ | ၆၃.၉ | ၄၈.၈ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၁.၇ | ၀.၅ | ၀.၈ | ၁.၄ | ၁.၂ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၈.၇ | ၁၃.၇ | ၁၇.၄ | ၈.၃ | ၁၀.၈ |
| လျှပ်စစ်၊ ဓါတ်ငွေ့စသည် | ၀.၁* | ၀.၀* | ၀.၂* | ၀.၁* | ၀.၁* |
| ရေပေးဝေရေးနှင့် အခြား | ၀.၂* | ၀.၁* | ၀.၄* | ၀.၀* | ၀.၂* |
| ဆောက်လုပ်ရေးလုပ်ငန်း | ၈.၃ | ၁.၇ | ၉.၂ | ၄.၂ | ၅.၅ |
| လက်လီနှင့်လက်ကားရောင်းဝယ်ရေးလုပ်ငန်း | ၁၀.၉ | ၂၃.၀ | ၃၁.၂ | ၁၀.၁ | ၁၅.၉ |
| သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ရေး လုပ်ငန်း | ၇.၇ | ၀.၄* | ၉.၃ | ၂.၉ | ၄.၇ |
| တည်းခိုခန်းနှင့် အစားအသောက်ဝန်ဆောင်မှု | ၁.၄ | ၂.၃ | ၃.၄ | ၁.၂ | ၁.၈ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၀.၂* | ၀.၁* | ၀.၅ | ၀.၀* | ၀.၂ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်း | ၀.၂* | ၀.၆ | ၁.၁ | ၀.၁* | ၀.၄ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၀.၂* | ၀.၁* | ၀.၄* | ၀.၁* | ၀.၂* |
| အတတ်ပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း | ၀.၃ | ၀.၃* | ၀.၆ | ၀.၂* | ၀.၃ |
| စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများ | ၁.၀ | ၀.၉ | ၂.၆ | ၀.၃* | ၀.၉ |
| ပြည်သူ့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး | ၀.၈ | ၀.၅ | ၁.၃ | ၀.၄ | ၀.၇ |
| ပညာရေး | ၁.၃ | ၅.၄ | ၅.၁ | ၂.၂ | ၃.၀ |
| လူသားကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၀.၄ | ၀.၉ | ၁.၇ | ၀.၂* | ၀.၆ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေး | ၀.၂* | ၀.၁* | ၀.၄* | ၀.၀* | ၀.၁* |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၄.၆ | ၄.၃ | ၄.၆ | ၄.၄ | ၄.၅ |
| အိမ်မှုကိစ္စဆိုင်ရာ အိမ်ထောင်စု လုပ်ငန်း | ၀.၁* | ၀.၁* | ၀.၂* | ၀.၀* | ၀.၁* |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ | ၀.၀* | ၀.၁* | ၀.၂* | ၀.၀* | ၀.၀* |

*ဇာစ်မြစ်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံနှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမသုံးလပတ်)*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် ဆက်စပ်စံများယွင်းမှုနှုန်းမြင့်မားနိုင်ပါသည်။*

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| *By employment status (% distribution)* | | | | | |
| Employees | 40.1 | 39.6 | 47.5 | 37.0 | 39.9 |
| Employers | 3.2 | 1.2 | 2.2 | 2.5 | 2.4 |
| Own-account workers | 41.1 | 24.2 | 35.4 | 33.5 | 34.0 |
| Contributing family workers | 15.5 | 35.0 | 14.9 | 27.0 | 23.7 |
| *By occupation (% distribution)* | | | | | |
| Managers | 0.8 | 0.5 | 2.0 | 0.2 | 0.7 |
| Professionals | 1.5 | 5.8 | 5.8 | 2.3 | 3.3 |
| Technicians and associate professionals | 1.8 | 1.1 | 3.6 | 0.7 | 1.5 |
| Clerical support workers | 1.4 | 2.6 | 4.7 | 0.8 | 1.9 |
| Services and sales workers | 11.6 | 24.3 | 33.1 | 10.6 | 16.9 |
| Skilled agricultural workers | 36.6 | 30.4 | 7.3 | 44.2 | 34.0 |
| Craft and related trades workers | 12.1 | 10.0 | 19.0 | 8.2 | 11.2 |
| Plant and machine operators and assemblers | 8.1 | 1.5 | 9.8 | 3.6 | 5.3 |
| Elementary occupations | 26.1 | 23.8 | 14.5 | 29.2 | 25.1 |
| Armed forces occupations | 0.2 | 0.1 | 0.2 | 0.1 | 0.1 |
| *By informal status (% distribution)* | | | | | |
| Informal | 77.4 | 90.7 | 78.7 | 84.6 | 83.0 |
| Formal | 22.6 | 9.3 | 21.3 | 15.4 | 17.0 |
| Employment in the informal sector | 58.9 | 62.1 | 55.7 | 62.0 | 60.2 |
| Informal employment outside the informal sector | 19.6 | 29.8 | 23.8 | 23.9 | 23.9 |

*Source: Myanmar Annual Labour Force Survey, Q1 2017*

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| *အလုပ်အကိုင်အခြေအနေအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း* | | | | | |
| အလုပ်သမား | ၄၀.၁ | ၃၉.၆ | ၄၇.၅ | ၃၇.၀ | ၃၉.၉ |
| အလုပ်ရှင် | ၃.၂ | ၁.၂ | ၂.၂ | ၂.၅ | ၂.၄ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၄၁.၁ | ၂၄.၂ | ၃၅.၄ | ၃၃.၅ | ၃၄.၀ |
| မိသားစုဝင်လုပ်သား | ၁၅.၅ | ၃၅.၀ | ၁၄.၉ | ၂၇.၀ | ၂၃.၇ |
| *အလုပ်အကိုင်အုပ်စုအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း* | | | | | |
| မန်နေဂျာများ | ၀.၈ | ၀.၅ | ၂.၀ | ၀.၂ | ၀.၇ |
| သက်မွေးဝမ်းကျောင်း ပညာရှင်များ | ၁.၅ | ၅.၈ | ၅.၈ | ၂.၃ | ၃.၃ |
| စက်မှုလက်မှုပညာရှင်နှင့် တွဲဖက်ပညာရှင်များ | ၁.၈ | ၁.၁ | ၃.၆ | ၀.၇ | ၁.၅ |
| စာရေးလုပ်ငန်း အထောက်အကူပြု လုပ်သားများ | ၁.၄ | ၂.၆ | ၄.၇ | ၀.၈ | ၁.၉ |
| ဝန်ဆောင်မှုနှင့်အရောင်း လုပ်သားများ | ၁၁.၆ | ၂၄.၃ | ၃၃.၁ | ၁၀.၆ | ၁၆.၉ |
| လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါး လုပ်ငန်းကျွမ်းကျင်လုပ်သားများ | ၃၆.၆ | ၃၀.၄ | ၇.၃ | ၄၄.၂ | ၃၄.၀ |
| စက်မှုပညာနှင့်ဆက်စပ် လုပ်သားများ | ၁၂.၁ | ၁၀.၀ | ၁၉.၀ | ၈.၂ | ၁၁.၂ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ်အသုံး ပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၈.၁ | ၁.၅ | ၉.၈ | ၃.၆ | ၅.၃ |
| အခြေခံအလုပ်အကိုင်များ | ၂၆.၁ | ၂၃.၈ | ၁၄.၅ | ၂၉.၂ | ၂၅.၁ |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၀.၂ | ၀.၁ | ၀.၂ | ၀.၁ | ၀.၁ |
| *သမရိုးကျမဟုတ်သောကဏ္ဍအလိုက် ပျံ့နှံ့မှု ရာခိုင်နှုန်း* | | | | | |
| သမရိုးကျမဟုတ်သော | ၇၇.၄ | ၉၀.၇ | ၇၈.၇ | ၈၄.၆ | ၈၃.၀ |
| သမရိုးကျဟုတ်သော | ၂၂.၆ | ၉.၃ | ၂၁.၃ | ၁၅.၄ | ၁၇.၀ |
| သမရိုးကျမဟုတ်သောကဏ္ဍတွင် လုပ်ကိုင်နေသူ | ၅၈.၉ | ၆၂.၁ | ၅၅.၇ | ၆၂.၀ | ၆၀.၂ |
| သမရိုးကျဟုတ်သောကဏ္ဍတွင် သမရိုးကျ မဟုတ်သော အလုပ်လုပ်ကိုင်နေသူ | ၁၉.၆ | ၂၉.၈ | ၂၃.၈ | ၂၃.၉ | ၂၃.၉ |

*ဇာစ်မြစ်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံနှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမသုံးလပတ်)*

In 2017, 48.8 percent of the employed persons were working in Agriculture, forestry and fishing section. It is followed by Wholesale and retail trade (15.9 percent), manufacturing (10.8 percent), construction (5.5 percent), transportation and storage (4.7 percent), other service activities (4.5 percent), education (3.0 percent). All other section accounts less than 3percent.

The main occupations are: skilled agricultural workers (34.0percent), elementary occupations (25.1 percent), service and sales workers (16.9 percent) and craft and related trades workers (11.2 percent).

Comparing over male and female, the pattern of distribution by industry section is more or less similar. But, the proportion of females in industry section (i) manufacturing section (ii) Wholesale and retail trade and (iii) education is significantly higher than males while the just opposite for industry sections (i) Construction and (ii) Transportation and Storage.

Comparing type of residence, in rural area, the distribution of agriculture, forestry and fishery section occupied large portion (63.9 percent), higher share of distribution from other sections are developed in urban area.

Among the 15+ population employed persons constitute 60.2 percent and in turn employees constitute 39.9 percent of the employed persons while employer occupied 2.4 percent, own account accounts 34 percent and 23.7 percent by unpaid family workers.

In urban areas proportion of employees among employed persons is higher than rural areas while it is just opposite for unpaid family worker. The proportion of employers also own account worker are more or less in both urban and rural areas.

၂၀၁၇ ခုနှစ်တွင် ၄၈.၈% သော အလုပ်လုပ်ကိုင်နေသူများသည် လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေပြီး လက်လီလက်ကားရောင်းဝယ်ခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း လုပ်ငန်းကဏ္ဍတွင် ၁၅.၉%၊ ကုန်ထုတ်လုပ်ငန်းကဏ္ဍတွင် ၁၀.၈% နှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍများတွင် ၅.၅%၊ ပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းကဏ္ဍတွင် ၄.၇% နှင့် အခြားဝန်ဆောင်မှုကဏ္ဍများတွင် ၄.၅% ၊ ပညာရေးကဏ္ဍတွင် ၃.၀% ရှိသည်ကိုတွေ့ရှိရပါသည်။ ကျန်အခြားကဏ္ဍများတွင် ၃% ထက်နည်းပါးကြောင်းတွေ့ရှိရပါသည်။

အဓိကအလုပ်အကိုင်များမှာ ကျွမ်းကျင်လယ်ယာ၊ သစ်တောနှင့် ရေလုပ်သားများ (၃၄.၀%)၊ အခြေခံအလုပ်အကိုင်များ (၂၅.၁%)၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ (၁၆.၉%) နှင့် လက်မှုနှင့်ဆက်စပ်ကုန်သွယ်ရေးလုပ်သားများ (၁၁.၂%) ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။

လုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှုပုံစံကို ကျား၊ မ အလိုက် နှိုင်းယှဉ် ကြည့်ပါက တူညီနေသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင် နေသော အမျိုးသမီးပါဝင်မှုမှာ ကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ လက်လီလက်ကား ရောင်းဝယ်ခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် အမျိုးသားများထက် သိသိသာသာမြင့်မားနေပြီး ဆန့်ကျင်ဘက်အနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးနှင့် သိုလှောင်ရေးကဏ္ဍတွင် အမျိုးသားများ၏ပါဝင်မှုမှာ ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

မြို့ပြ၊ကျေးလက်ဒေသအကြား နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ဒေသတွင် လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းများတွင် ၆၃.၉% လုပ်ကိုင်နေသည်ကိုတွေ့ရှိရပြီး အခြားသော လုပ်ငန်းကဏ္ဍများသည် မြို့ပြဒေသတွင် ပိုမိုမြင့်မားစွာလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သောလူဦးရေ၏ ၆၀.၂% သည် အလုပ်လုပ်ကိုင်နေသူများဖြစ်ပြီး အဆိုပါ အလုပ်လုပ်ကိုင်နေသူတွင် အလုပ်သမားအဖြစ် လုပ်ကိုင်သူ ၃၉.၉% ပါဝင်ပြီး အလုပ်ရှင်အဖြစ်လုပ်ကိုင်သူ ၂.၄%၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၃၄% နှင့် အခကြေးငွေမရသော မိသားစုဝင်လုပ်သား ၂၃.၇% ရှိသည်ကိုတွေ့ရှိရပါသည်။

မြို့ပြဒေသရှိ အလုပ်လုပ်ကိုင်နေသော လူဦးရေတွင် အလုပ်သမားများ၏ ပါဝင်မှုအချိုးသည် ကျေးလက်ဒေသထက် ပိုမိုမြင့်မားပြီး အခကြေးငွေမရသောမိသားစုဝင် လုပ်သားအဖြစ် လုပ်ကိုင်နေသူ ပါဝင်မှုအချိုးသည် ကျေးလက်ဒေသတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်အဖြစ် လုပ်ကိုင်သူနှင့်ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ၏ပါဝင်မှုအချိုးသည် မြို့ပြနှင့် ကျေးလက်နှစ်ခုစလုံးတွင် တူညီနေသည်ကိုတွေ့ရှိရပါသည်။

As regards male and female employed persons, the category employer has higher proportion for males than females and the same is true for own account workers. Females are proportionately higher in the category unpaid family workers. This shows the household or family business are prone to be owned by male partners and females are prone to be unpaid family workers. And there is gross similarity between the distributions of males and females, for the employees.

The same as other developing countries, informal employment is very large and at the national level, informal employment is accounted 83 percent. Relatively, presence of formal employment is higher in urban areas than rural areas. For the gender perspective, the share of females in informal employment was much higher than that of male. At the national level, employment in the informal sector was 60.2 percent and informal employment outside the informal sector was 23.9 percent.

